စိတ်ကူးချိုချိုအနုပညာ

# နုနုရည်(အင်းဝ)

## မောင်က ကျွန်မကို ချစ်သတဲ့လား



# မောင်က ကျွန်မကို ချစ်သတဲ့လား

## နီနီနိုင်(သထုံ)

လကွယ်ည၏ မှောင်မိုက်လွန်းသည့် အချိန်မှာ အချစ်အကြောင်း ဖွေရှာဖို့ ခက်လှပါသည်။ အချစ်၏စွမ်းအား၊ အချစ်၏ ခွန်အားများသည် မဟူရာည အမှောင်မှာ ပျောက်ဆုံးနေသလို အမွန့် ရင်ထဲမှာ ခံစားနေရသည်။ ရင်ထဲ၊ နှလုံးသားထဲ စိုက်ဝင်နေသော အချစ်မြားတစ်စင်းသည် စစ်မှန်သည့် အချစ်လား၊ မစစ်မှန်သည့်အချစ်လား ဆိုသည်ကို ဝေခွဲရခက်လှသည်။ အမွန့်အဖို့တော့ သူချစ်ကို မလိုချင်သလို ကိုယ်ကချည်းလည်း ချစ်ရသည့်သူ၊ ပေးဆပ်ရသူ မဖြစ်ချင်ခဲ့ပေ။ နားလည်မှု၊ သိမ်မွေ့မှု၊ နူးညံ့ပျော့ပျောင်းသည့် နှင်းဆီပွင့်ဖတ်လေးလို ရှိနေသည့် အချစ်မျိုးကို တောင့်တသူပါ။ တကယ်တော့ တစ်ကြိမ်မြင်ရုံဖြင့် ချစ်သည်ဆိုသော စကားကို ရှုးမိုက်စွာ ပြန်ချစ်ခဲ့သည့် အချစ်သည် အောက်ခြေ ဖောင်ဒေးရှင်း ခိုင်ပါရဲ့လားဟု အမွန်တွေးမိနေသည်။ မိန်းမသားဆိုတော့လည်း တစ်သက်တာ အရေးကို ထောင့်စေ့အောင် တွေးထားနိုင်မှ တန်ကာကျပေမည်။ အချစ်ရေးမှာ တစ်ချက်မှားရင် တစ်သက် သွားပြီလေ။

အမွန်တို့နှစ်ဦး ဆုံတွေ့ပုံကလည်း မဆန်းပေမယ့် ရိုးစင်းမှုတော့ မဟုတ်ခဲ့ပါ။ မြားနတ်မောင်က အမွန်နှင့် ကိုမြင့်နိုင်ကို လော်ကယ်မီးရထား တစ်စီးပေါ်မှာ ဆုံတွေ့ စေခဲ့ခြင်းပါ။ သည်အချိန်တုန်းက အမွန်ဟာ ရှစ်တန်းကျောင်းသူဘဝပဲ ရှိသေးသည်။ သထုံမှာနေရင်း ကျိုက်ထိုသို့ ပြောင်းသွားသည့် အမွန့် ကြီးမေနှင့် အစ်ကိုတွေရှိရာသို့ ကျောင်းပိတ်ရက်တစ်ရက်မှာ

လာခဲ့သည်။ လာတုန်းကတော့ အစ်ကိုလေးနှင့် လာခဲ့တာပါ။ အမွန်က ကျောင်းပိတ်မှ ကျိုက်ထိုကျောင်းကို ပြောင်းရမှာမို့ ပညာသင်နှစ် မပြီးသေးတော့ သထုံကို ပြန်ရသည်။ ရထားဆိုက်တော့ ကိုလေးက ရထားပေါ်တင်ပေးပြီး ပြန်သွားသည်။ ရထားပေါ်ရောက်ချိန် အမွန် နေရာမရသဖြင့် အပေါက်ဝအနားမှာပဲ ရပ်နေလိုက်သည်။ ရထားထွက်ဖို့ ဥဩသံဆွဲချိန်မှာ အမွန့် နှာခေါင်းထဲမှာ ကဲ့ကော်ရနံ့လေး မွှေးကြိုင်နေသဖြင့် နောက်ဆုံးမှ ကတိုက်ကရိုက် တက်လာသူကို ကြည့်လိုက်ရာ ကံ့ကော်ပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ပိုက်ကာ အမွန့်နားမှာ ရပ်နေသူတစ်ဦး။ အမွန်က ကံ့ကော်ပန်းများကို တပ်မက်စွာ စူးစိုက်ကြည့်နေ လိုက်တော့သည်။

"ညီမ၊ နေရာမရဘူးနော်။ ဘယ်သွားမှာလဲ၊ ကျိုက်ထိုက တက်လာတာလား"

"ဟုတ်ကဲ့ အစ်ကို။ ကျိုက်ထိုကို လာလည်တာ၊ အခု သထုံပြန်မလို့။ မနက်ဖြန် ကျောင်းဖွင့်ပြီလေ။ ကံ့ကော်ပန်းတွေ လှတယ်နော်။ အစ်ကိုရော ဘယ်သွားမှာလဲ"

"ကိုယ်က တောင်စွန်းသွားမှာ၊ ရောက်ပြန်ပါပဲ။ မနေ့က တောင်စွန်းမှာ ဦးကြီးတွေ အလှူသွားတာ။ အဲဒါ နာရီကျန်ခဲ့လို့ သွားယူမှာ။ ညနေနောက်ဆုံးရထားနဲ့ ပြန်မှာ။ ဒီပန်းက အိမ်မှာ ပွင့်တာလေ။ အမေက တောင်စွန်းအိမ်အတွက် ပေးခိုင်းလိုက်လို့။ ညီမလည်း ယူပါ"

"ဟင့်အင်း ... အမွန် မယူပါဘူး"

"သြော်... နာမည်က အမွန်တဲ့လား။ ပန်ဖို့တော့ ယူပါလား အမွန်"

အတင်းထိုးပေးနေတော့ အပွင့်သုံးပွင့်ပါသည့် အခိုင်တစ်ခိုင် ယူလိုက်ပြီး အမွန့်ဆံကေသာမှာ ပန်လိုက်သည်။ တကယ်တော့ အမွန် ပန်းပန်လေ့မရှိပါ။ ပန်းလေးများ နွမ်းသွားမှာစိုးသည့် အတွက်လည်း ဖြစ်မည်ထင်သည်။

"ကိုယ့်နာမည် မြင့်နိုင်ပါ။ နဝမတန်း တက်နေပါတယ်။ အမွန့် လိပ်စာ ရေးပေးခဲ့ပါလား"

"ဟင် ... ခုပဲ တွေ့တယ်၊ ခုပ် လိပ်စာတောင်းနေပါလား။ အချစ်ဆိုတာ ဘာမှန်းမသိဘဲ နှလုံးသားတံခါး ပိတ်ထားသည့်သူကို လိပ်စာ တောင်းတော့ အမွန် ရင်ခုန်ရသည်မှာ တဒိတ်ဒိတ်ပါပဲ။ သူက ဖောင်တိန်လေး ထုတ်ပြီး စာအုပ်သေးသေးလေး ထုတ်ပေးသည်။ ရထားက လှုပ်ခါနေလေတော့ ရေးလို့ မရ။ သို့နှင့် သူကပဲ အမွန် ပြောသမျှ လိုက်ရေးသည်။

ကြည့်ပါဦး၊ လက်ရေးကလည်း လှ၊ မင်အရောင်ကလည်း အများစု မသုံးသည့်အရောင်။

"နာမည်အပြည့်အစုံက မွန်မွန်သန့်တဲ့လား။ လှတယ်နော်၊ လူလည်းလှတယ်။ ခုဘယ်နှတန်းလဲ"

"အို"

"ကိုယ်မေးတာ ဖြေဦးလေ အမွန်"

ပြုံးစစနဲ့ စိုက်ကြည့်နေသော သူ့ကို ပြန်မကြည့်ရဲဘဲ မပွင့်တပွင့် ဖြေလိုက်မိသည်။

"အမွန်၊ ရှစ်တန်း တက်နေပါတယ်"

အမွန့် တစ်ကိုယ်လုံး တုန်ယင်ပြီး နှလုံးခုန်သံကလည်း ရထားနှင့်အပြိုင် ခုန်နေသလိုလို။ အမွန် ရှက်လိုက်တာ မပြောပါနဲ့တော့။ အပျိုစင် အပျိုဖြန်းနှင့် အမွန့်အဖို့ ရည်းစားစာရဖို့ မပြောနှင့်။ ယောကျာ်းတစ်ယောက်နှင့် စကားလက်ဆုံ မကျခဲ့ဖူးသလို ချစ်ရည်ရွှန်းပျသည့် မျက်ဝန်းအစုံနှင့် ကြည့်ရှုမည့်သူလည်း မပေါ်သေးပါ။ ကျောင်းမှာက သူငယ်ချင်းများဖြစ်လို့ တစ်ယောက်နှင့် တစ်ယောက် စိတ်ဝင်စားခြင်း မရှိကြတာလည်း ပါမယ်လို့

ထင်ပါသည်။

ရထားကြီးက အကွေ့အကောက်များကို ဖြတ်သန်းရင်း နတ်ဝင်သည် တစ်ယောက်လို ယိမ်းထိုးကာ တောင်စွန်းဘူတာကို ရောက်ပြီ။ ကိုယ်တော်ချောကလည်း ဆင်းဖို့ပြင်ပြီ။

"မွန် ... ကိုယ်သွားမယ်၊ စာမျှော်နော်။ ဒီကြားထဲ လာရင်လည်း ကိုယ့်ကို ဆက်သွယ်လို့ရအောင် လိပ်စာတစ်ခုလည်း ရေးပေးလိုက်မယ်။ မွန်တို့အိမ်က သဇင်လမ်းမှာနော်။ ဒါဆို ကိုယ်သိပြီ။ မွန့်အစ်ကို ကိုလည်း ကိုယ် သိတယ်။ သူကတော့ သိမှာ မဟုတ်ပါဘူး။ ကဲ ကိုယ် သွားမယ်နော်"

ပြောပြောဆိုဆို ရထားပေါ်က ဆင်းပြီး အပေါက်နားမှာရပ်ကာ မျက်လုံးရွှဲကြီးနှင့် စူးစိုက် ကြည့်နေသေးသည်။ ရထားထွက်တော့ သူက လက်ပြသလို အမွန်လည်း လက်ပြမိသည်။ သည်လိုနဲ့ ရင်ခုန်ခြင်းနှင့်အတူ သထုံအိမ်ကို မည်သို့ ပြန်ရောက်လာမှန်းပင် မသိတော့။ အမွန် အိမ်ပြန် ရောက်တော့လည်း နှလုံးသားထဲမှာ တစ်ခုခု ခံစားနေသလို ရင်ခုန်နေမြဲ။ ရထားပေါ်မှာ တစ်ခဏဆုံခဲ့သူ ခရီးသည်ကိုပဲ သတိရနေသည်။ စည်းကမ်းကြီးသော အုပ်ထိန်းသူ အစ်မနှင့် ရွယ်တူအစ်မ၊ ညီမများသိမှာ စိုးရိမ်ပေမယ့် အမွန်နှင့် သူငယ်ချင်းလိုနေသည့် ညီမစောမိစံကို ပြောပြမိသည်။ အမွန်နှင့် လပိုင်းလောက်သာငယ်သည့် အစောက လူကြီးတစ်ယောက်လို ပြောသည်။

"အမွန် ... ခုပဲတွေ့ရုံနဲ့ နင့်ကိုခင်ချင်တာ၊ စာရေးမယ် ဆိုတာ ဟုတ်ပ့ါမလား။ ရည်းစားစာတော့ ရေးမယ် မထင်ဘူး။ ခင်မင် တယ် ဘာညာနဲ့ ရေးမှာပေ့ါ။ တစ်ခုတော့လည်း ကောင်းတယ်။ ရှေ့နှစ် နင် ကျူုက်ထို ကျောင်းပြောင်းရင် နင့်မှာ သူငယ်ချင်းရှိနေလို့ စိမ်းမနေတော့ဘူးပေ့ါ"

စာလာရင် ဘာတွေရေးထားမယ်ဆိုတာ စောင့်ကြည့်ရမှာပဲ။ စာမေးပွဲကလည်း နှစ်လပဲ လိုတော့တာ။

စာမေးပွဲပြီးတာနဲ့ ကြီးမေနဲ့ ကိုလေးက ကျိုက်ထို လာခဲ့တော့တဲ့။ ငါတော့ နင်တို့နဲ့ ခွဲရမှာ အသေကြောက်တယ်။ ပြီးတော့ ရှစ်တန်း စာမေးပွဲကလည်း အောင်ပါ့မလား မသိဘူး။ ငါက သချ်ာညံ့တယ်လေ"

ပြောသာ ပြောရသည်။ စာမေးပွဲအောင်ဖို့ ပူရတာထက် ကိုယ်တော် ချောဆီက စာမျှော်ရတာ ပိုမယ်ထင်ပါသည်။ တစ်ပတ်အကြာ စာအိတ် ပန်းရောင်လေးနှင့် စာတစ်စောင် အမွှန် ကျောင်းကအပြန် ဆီးကြို နေသည်။ အစ်မက စည်းကမ်းကြီးပေမယ့် သူတစ်ပါးအခွင့်အရေးကို ချိုး ဖောက်တတ်သူ မဟုတ်၍ စာက ခြေရာလက်ရာမပျက်။ အမွှန် ရင်ခုန်ခြင်း များနဲ့အတူ အခန်းတံခါးပိတ်ပြီး ဘဝမှာပထမဦးဆုံး တံခါးဖွင့်လာသူရဲ့ စာ ကိုဖတ်ရင်း အမေဂျမ်း နတ်ဝင်ပူးနေသလို ခံစားရတော့သည်။ မြင်မြင်ချင်း ချစ်မိတယ်တဲ့။ အမွှန့်ဆီကအဖြေကို ရင်ခုန်စွာ စောင့်မျှော်နေမယ်တဲ့။ အောက်ဆုံး အပိုဒ်မှာတော့အမွှန့်ရဲ့ ချစ်အဖြေကို စောင့်စားနေသူ "မောင်"တဲ့။ ရှက်လိုက်တာ။ညီမလေး အေးမိစံကို ပြောပြသောအခါ ချက်ချင်းအဖြေမပေးဘဲသူငယ်ချင်းတစ်ယောက်လိုပဲ စာပြန်ရေးဖို့ ပြောသည်။ အမွှန်လည်းသည်လိုပဲ စဉ်းစားပြီး စာပြန်ရေးပေမယ့် နောက်ထပ် စာတွေမှာတော့အမွှန် တင်းမနေနိုင်တော့ပါ။ အမွှန့်စိတ်ထဲမှာ ယစ်မူးနေရာယူထားတဲ့ မောင့်ကြောင့် အမွှန် စာကျက်လို့ပင် မဖြောင့် တော့။ တစ်ပတ်တစ်ခါ စာမျှော်ရသည့်အလုပ်၊ စာပြန်ရေးရသည့် အလုပ် တွေကြောင့် စာမေးပွဲနီးလေ အမွှန် စာကျက်မရလေ ဖြစ်ခဲ့ရသည်။ အမွှန့် ရင်ထဲမှာ အချစ်သစ်ပင်လေးဟာ ကြီးထွားရှင်သန်လို့ နေသည်။ အချစ်နတ် ဖမ်းစားမှုကြောင့် စာမေးပွဲ ကောင်းကောင်းမဖြေနိုင်ခဲ့ပါ။ ပင်ကိုကသချ်ာ ညံ့သူမို့ သချ်ာမေးခွန်းကို လုံးဝမဖြေနိုင်ခဲ့။ စာမေးပွဲပြီးတာနဲ့ တစ်ပြိုင်နက် တည်း ကျိုက်ထိုကို ပြောင်းရမှာမို့ စာမေးပွဲအတွက် စိုးရိမ်စိတ်ကတစ်ဖက်

ချစ်သူမောင်နှင့် တွေ့ရမှာမို့ ရင်ခုန်စိတ်များက သူနိုင်ကိုယ်နိုင် လွန်ဆွဲနေကြသည်။ စာမေးပွဲအပြီး နောက်တစ်နေ့တွင် ကျိုက်ထိုကို အပြီး ပြောင်းလာမယ့်အကြောင်း စာရေးထားတော့ ဘူတာမှာ အရိပ်အယောင် လာပြမှာပဲလို့ အမွှန် ယုံကြည်နေသည်။ မောင် နောက်ဆုံးရေးထားတဲ့ စာမှာလည်း ကိုလေးနဲ့ ရွယ်တူမဟုတ်ပေမယ့် ကိုလေးဌာနက ကိုလေး တပည့်တစ်ယောက်နှင့် ပူးပြီး ကိုလေး၏ ခင်မင်မှုရနေကြောင်း ရေးထားတော့ အမွှန် အသည်းအေးရပါသည်။

တကယ်ပါပဲ သထုံမှထွက်သည့် ရထားကြီးဟာ ကျိုက်ထိုကို ရောက်နိုင်ခဲသည်လို့ အမွှန် ထင်သည်။ တစ်လမ်းလုံး စိတ်ကူးနှင့် ပုံဖော်ခဲ့တာလည်း ရင်ခုန်ရင်တုန်စရာ ကောင်းလှသည်။ အမွှန့်အဖို့ အပျိုစင် နှလုံးသားနုနုလေးကို မြားတစ်စင်း စိုက်ခံရတော့ စွဲမက်မှု၊ တပ်မက်မှုများနှင့် စာလေးဖတ်ရုံဖြင့် ရူးသွပ်ခဲ့ရပြီ။ အရှင်လတ်လတ်တွေ့ရင်ဖြင့် အမွှန် ဘယ်လိုဖြစ်မည်ဆိုတာ မတွေးဝံ့တော့ပါ။

ရထားဆိုက်တော့ ကိုလေးကိုရှာရင်း မောင့်ကိုပါ တွေ့ရသည်။ တော်တော်လူလည်ကျတာပဲလို့ အမွှန် တွေးမိသည်။ အမွှန်ပါလာသည့် အိတ်နှင့် အသုံးအဆောင် အချို့ကို မောင်က ကူဆွဲပေးသည်။ ထို့နောက် အမွှန့်ကို ဆိုက်ကားပေါ်သို့ တင်ပေးသည်။ ကိုလေးက အမွှန့်ကို အိမ်အထိမပို့ဘဲ ရုံးဆက်သွားတော့သည်။ မောင်က အမွှန့် ဆိုက်ကားနှင့် ကပ်ရပ်က စက်ဘီးစီးပြီး လိုက်လာသည်။

"အမွှန် ... ကိုယ် အိမ်ထဲ မဝင်တော့ဘူးနော်။ မနက်ဖြန်မှ လာလည်မယ်"

အမွှန် ဝမ်းသာသွားပြီး ခေါင်းညိတ်လိုက်သည်။ အိမ်ထဲအထိ ဝင်ခဲ့ရင်လည်း ကြီးမေနှင့် ကိုလေးဇနီး မမသိန်းက အမွှန့်ကို အပြစ်ဆိုမည်လား ဆိုသည့် စိုးရိမ်စိတ်များ ဖြစ်ပေါ်နေသည်။

"ဟို ... ဟို ... မနက်ဖြန်လည်း မလာပါနဲ့ဦးလား"

မောင်က ခေါင်းကို တွင်တွင်ခါပြီး စက်ဘီးကို လေးညို့မှ ပစ်လိုက်သလို အပြေး နင်းသွားတော့သည်။

***

အမွန်တို့အိမ်ကို မောင်က တစ်ရက်ခြားဆိုသလို ဝင်ထွက်နေတော့ တူလေးနှစ်ယောက်နဲ့ပါ ခင်မင်နေပြီ။ မောင်က ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ဘဲ အမွန့်ကို ချစ်ကြောင်း ပြသလို့နေသည်။

အောင်စာရင်းထွက်တော့ အမွန် အောင်ပါသည်။ ကိုလေးက သထုံမှ ကျောင်းထွက်လက်မှတ် ယူလာခဲ့ပြီး ကျိုက်ထိုကျောင်းမှာ နဝမတန်းကစ၍ တက်ရသည်။ နေရာစိမ်းစိမ်း၊ လူစိမ်းစိမ်း၊ ဆရာစိမ်းစိမ်းတွေကြားမှာ အမွန် အားငယ်နေသည်မှာ အမှန်ပါ။ ကျောင်းတွင်လည်း တစ်မြို့တည်း သားတွေ များတော့ ကျောင်းသား ကျောင်းသူအသစ် ရောက်လာလျှင် စိတ်ဝင်စားကြသည်။ ဖြတ်လျှောက်သွားလျှင်ပဲ ပြူးပြူးပြဲပြဲ ကြည့်သူက ကြည့်သည်။ ကျောင်းအပ်ပြီး အမွန့်ကို နဝမတန်း (ခ) မှာ ထားသည်။ စာသင်နေသည့်အချိန်မို့ တစ်တန်းလုံးရဲ့အကြည့်က အမွန့်ဆီကို ရောက်လာတော့ ခြေဖျားလက်ဖျားများပင် အေးစက်လာသည်။ အတန်းပိုင်ဆရာမက...

"ကဲ ... သမီးခင်အုန်းမြင့်၊ ဒီက ကျောင်းသူအသစ်လေးကို သမီးနားမှာ ထားလိုက်။ သမီးက အရပ်မြင့်လို့ နောက်တန်းမှာ ထားတာနော်"

"ဟုတ်ကဲ့ ဆရာမ၊ လာ ... လာ ညီမလေး"

မခင်အုန်းမြင့် ဆိုသူလေးက အမွန့်ထက် အသက်နည်းနည်း ကြီးပုံရသည်။ ထို့ကြောင့် အမွန့်ကို တွေ့တွေ့ချင်း ညီမလေး ခေါ်လိုက်တာပဲ ဖြစ်မည်။ မြန်မာစာ သင်နေချိန်မို့ အမွန်လည်း မြန်မာဖတ် စာအုပ်၊ ရေးမှတ်စရာစာအုပ်နှင့် ဖောင်တိန်လေး ထုတ်လိုက်သည်။ ဘောပင်တွေ ပေါ်ကာစ

မို့ အချို့ကလည်း ဘောပင်နှင့်။ အမွန်က မောင်နဲ့ ဆင်တူဖြစ်အောင် မင်ခရမ်းရောင်ကို သုံးသည်။ အဲဒီအချိန်က ကျောင်းတွေမှာ မင်အရောင်ကို ကန့်သတ်ထားတာ မရှိတော့ မင်အစိမ်းနဲ့ အနီကလွဲရင် သုံးချင်သလို သုံးကြသည့် အချိန်လည်း ဖြစ်ပါသည်။ အမွန်လည်း မောင်နှင့် စာပေးစာယူလုပ်တိုင်း ရေးနေကျ မင်ခရမ်းရောင်ကိုသာ သုံးလိုက်သည်။

မုန့်စားကျောင်းလွှတ်တော့ အမွန် ဘာလုပ်ရမှန်းမသိ။ နယ်ကျောင်းဆိုတော့ စက်ဘီးကိုယ်စီနှင့် အိမ်ပြန်၍ ထမင်းစားကြသူရှိသလို ဆိုင်မှာစားမယ့် လူတွေလည်း ရှိမှာပါ။

"ညီမ ... အိမ်ပြန်ပြီး ထမင်းစားမှာလား"

အတူထိုင်သည့် မခင်အုန်းမြင့်က ဖေးမစွာ မေးနေခိုက်မှာပဲ မောင် အခန်းထဲ ဝင်လာတော့သည်။

"အမွန် မုန့်စားမယ် လာ"

ပိုင်ပိုင်နိုင်နိုင် ရင်းရင်းနှီးနှီး ခေါ်လိုက်သည့်အသံကြောင့် အပြင်ထွက်တော့မည့်ဆဲဆဲ အတန်းသား အတန်းသူအားလုံး အံ့ဩကုန်ကြသည်။ အမွန်လည်း မျက်နှာ မထားတတ်အောင် ရှက်လှပေမယ့် အဖော် မရှိသောကြောင့် မောင်နှင့် အတူလိုက်ဖို့ ထပြီးမှ

"မမြင့် ... အမွန်တို့နဲ့ မုန့်လိုက်စားပါနော်"

မခင်အုန်းမြင့်လည်း အံ့ဩဟန်ဖြင့်

"ဟဲ့ ... မြင့်နိုင်၊ နင်က အမွန်နဲ့ ဘယ်တုန်းက သိနေတာလဲ။ ရောမချနဲ့နော်၊ ဆရာမနဲ့ တိုင်လိုက်မယ်"

"ဟာဗျာ ... ခင်အုန်းမြင့် နင်ကလည်း စွတ်ပြောမနေနဲ့။ ငါနဲ့ အမွန်က ငယ်သူငယ်ချင်း၊ ဘာမှ သံသယဖြစ်မနေနဲ့။ လာ ... သွားမယ်။ ဟိုမှာ ငါ့

သူငယ်ချင်း သန်းအေးတို့၊ ခင်မောင်ဦးတို့ စောင့်နေပြီ"

"အေးပါ… အေးပါ နင်ဝယ်ကျွေးမှာနော်"

"အေးပါ မိကျောင်းသမီးရယ်။ လာလေ အမွှန်"

အမွှန် အာစေးမိနေသလို ဖြစ်နေရာမှ မခင်အုန်းမြင့် ဆွဲခေါ်ရာသို့ လိုက်ပါသွားရသည်။

မုန့်ဈေးတန်းမှာ စုထိုင်ကြတော့ မောင်က အမွှန့်ဘေးမှာ ဝင်ထိုင်ပြီး အမွှန် စားချင်တာတွေ မှာကျွေးနေသည်။ အသုပ်တစ်ပွဲ စားကြည့်တော့ ငရုတ်သီးကြောက်သည့် အမွှန်က တစ်လုတ်လောက်ပဲ စားရသေး ဆက်မစားနိုင်တော့။ မောင်က ငရုတ်သီးမပါဘဲ နောက်ထပ် တစ်ပွဲ မှာပေးသည်။

"မွှန် … တော်တော်စပ်နေလား။ အအေးသောက်ဦးမလား၊ မှာလိုက်မယ်လေ"

"ဟင့်အင်း … မသောက်တော့ဘူး၊ ရေနွေးပဲ သောက်မယ်"

အမွှန်က ရေနွေးကရားကို လှမ်းယူမယ်လုပ်တော့

"မောင် ထည့်ပေးမယ် မွှန်၊ ရေနွေးက ပူတယ်။ ငရုတ်သီး စပ်ရတဲ့အထဲ အပူပါ လောင်နေဦးမယ်"

သူငယ်ချင်းများရှေ့မှာ "မောင်" ဆိုသော ဝေါဟာရသုံးလိုက်သည့် အတွက် အမွှန် မောင့်ကို မသိမသာ လက်တို့ကာမှ ပါးနပ်လွန်းတဲ့ သူငယ်ချင်းများအားလုံး အံ့သြကာ -

"ဟယ်"

"ဟင်"

ဆိုသည့် အာမေဍိတ်သံတွေ ထွက်လာကြတော့ အမွှန် ခေါင်းမထောင်ရဲတော့။

"ဩော် ... ဒီလိုလား။ ကျောင်းသူအသစ် ချောချောလေး ရောက်လာတော့ ပိုးပန်းမယ်လုပ်တုန်း မင်း ဘယ်တုန်းက ချိတ်လိုက်တာလဲ မြင့်နိုင်ရယ်။ ငါ တို့လည်း ဘာမှမသိပါလား"

မောင်က တဟားဟားရယ်ရင်း -

"အခု သိပြီမဟုတ်လား၊ မူပိုင်ရှိတယ်နော်။ ခင်အုန်းမြင့် နင်လည်း ငါ့ ချစ်သူကို စောင့်ရှောက်ရ မယ်နော်။ လက်ဆင့်ကမ်းပြီး ကြော်ငြာပေးနော်"

အမွှန် ရှက်လွန်းလို့ အစားတောင် ကောင်းကောင်း မစားနိုင်တော့။ မောင် တစ်ယောက် ကူးတို့ဆိပ်မှာ မြို့အိတ်ဖြေနေပြီ။ အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင် တက်ပြရသလား မောင်ရယ်။ အမွှန့် မျက်နှာလေးများ ထောက် ပါဦးလို့ အမွှန် စိတ်ထဲက ဆိုနေမိသည်။

"ဟော့ကောင် မြင့်နိုင်၊ မင်း ဒီလိုလူလည်မကျနဲ့။ ငါတို့လည်း ဘာမှမသိရ ဘဲ မင်း လူစွမ်းကောင်း လုပ်တာနော်။ မရဘူး၊ တို့ကျောင်းသူအသစ် ခုမှ ရောက်တာ။ ကျန်တာတွေက ရွာနားက မြက်တွေပဲ။ လက်မထပ်ရသေးတဲ့ အပျိုတစ်ယောက်ကို လူတိုင်း ချစ်ရေးဆိုခွင့်ရှိတယ် ဟား ..."

မောင့်သူငယ်ချင်း ကိုသန်းအေးက ပြောတော့ မောင်က ရှုံးရှဲဖြစ်သွား သည်။ ပြီးမှ -

"ချမ်းသာပေးပါ ကိုယ့်လူရယ်။ ဒီနေ့ စားတာတွေ ငါ အကုန်ရှင်းပါ့မယ်"

"မရဘူး၊ တို့အုပ်စုထဲမှာ မင်းက ဒိုင်လျှိုပြီး အရင်ရည်းစား ထားတယ်။ တစ်ပတ်တိတိ ကျွေးရမယ်"

"အေးပါကွာ။ ကဲ ... မြန်မြန်စား၊ ကျောင်းတက်ရမယ်"

မုန့်စားတန်းလာသည့် ကျောင်းသားကျောင်းသူများက ကျောင်းသူအသစ် ဖြစ်သော အမွှန်နှင့် မောင့်ကို စူးစမ်းသော အကြည့်နှင့် ကွက်ကြည့်ကွက်

ကြည့် လုပ်သွားကြသည်။

လူစုခွဲပြီး အတန်းထဲသို့ အပြန်မှာ -

"မောင်ကလည်း သိုသိုသိပ်သိပ် မရှိဘူး။ တစ်ကျောင်းလုံး ပွကုန်တော့မယ်။ မဏ္ဍပ်တိုင် တက်ပြနေသေးတယ်။ အမွန် သိက္ခာကျတာပေါ့"

"ဘာလဲ စိတ်ဆိုးတာလား။ လူသိမခံဘဲနေရင် တခြားတစ်ယောက်က မွန့်ကိုလိုက်ရင် မွန် လက်ခံမှာလား"

"မောင်နော် သဝန်တိုတာလား။ မွန့်ကို ဘယ်လိုမိန်းမစားမျိုး ထင်လို့လဲ။ ကျောင်းလွှတ်ရင်လည်း မွန့်နောက်ကို လိုက်မလာနဲ့နော်။ ရောက်ရောက်ချင်း နံပါတ်နှိပ်ပြီးသားလို့ ထင်နေဦးမယ်"

အမွန်က မမြင့် အလစ်မှာ ပြောချင်သည့် စကားတွေပြောပြီး အတန်းထဲပြေးဝင်လိုက်သည်။

"ဟဲ့ ... မြင့်နိုင်၊ အမွန်ရှိတဲ့အတန်းကို ငါခွင့်ပြုမှ လာရမှာနော်"

"အဲဒါ နင့်အပူလား။ ငါယ်ယယ်လေး ကတည်းက ခင်ခဲ့တဲ့သူကို အခု ငါစောင့်ရှောက်ရမယ့် တာဝန်ရှိတယ်။ လာမှာပဲ"

စကားနိုင်ယူပြီး ပြောကာ မောင် ထွက်သွားမှ အမွန်သက်ပြင်းချနိုင်သည်။ အတန်းထဲက မိန်းကလေးများကလည်း အမွန့်ကို အကဲခတ်သလို အမွန်တို့နောက်တန်းက ယောကျ်ားလေးများဆီက မြင့်နိုင်ဆိုသည့် အသံလည်း ထွက်လာသည်။ အမွန် ဒီနေ့စာသာ သင်နေရသည်။ စိတ်က မလုံမလဲဖြစ်ကာ ကျောင်းမြန်မြန် လွှတ်ပါစေလို့ ဆုတောင်းနေမိသည်။

"ကလင်... ကလင်... ကလင်... ကလင်"

ကျောင်းလွှတ်ပြီ။ အမွန် ကမန်းကတန်း ပြန့်ကျဲနေသည့် စာအုပ်တွေကို သိမ်းကာ ကျောင်းစည်းကမ်းအတိုင်း အဓိဋ္ဌာန်များ ပြုပြီး ထွက်ဖို့ ပြင်

သည်။ နောက်က ယောက်ျားလေးများက အတင်းတိုးထွက်လို့ အမွန်နှင့် မခင်အုန်းမြင့် နောက်ချန်ပြီး ထွက်လိုက်သည်။ ကျောင်းအဝင်ဝမှာတော့ စက်ဘီး ဒေါက်ထောက်ပြီး ကိုယ်တော်ချောက စောင့်နေသည်။

"ကြာလိုက်တာ မွန်ရယ်၊ ကျောင်းခန်းတံခါး ပိတ်ပေးနေသလား"

"အေးအေးဆေးဆေး ထွက်လာတာလေ။ အမွန့်ကို ဘာလို့ စောင့်နေတာလဲ။ လမ်းကြောလည်း မတူဘဲနဲ့ ကိုယ့်ဘာသာကိုယ်ပြန်ပါလား"

အမွန် ရန်ထောင်လိုက်သည်။ ခင်အုန်းမြင့်ကလည်း အမွန့်နည်းတူ ရန်တွေ့လိုက်သည်။

"ဟုတ်သားပဲ မြင့်နိုင်၊ နင့်ဘာသာနင် ပြန်ပါလား"

"မပြန်ဘူး၊ အမွန်က ဒီနေ့မှ ကျောင်းစတက်တာ အားငယ်နေမှာပေါ့။ မတော်လို့ တစ်ယောက်ယောက်က အမွန့်နောက်လိုက်ရင် ဘယ်လိုလုပ်မလဲ။ ငါပဲ သက်တော်စောင့်လုပ်ပြီး အမွန့်အိမ်အထိ ပြန်ပို့ပေးမယ်။ နင်သွားတော့"

"ဟ… ဒီလိုလား။ နေ့ခင်းက နင်ပြောတာ မေ့သွားပြီလား။ အမွန့်ကို စောင့်ရှောက်ပါဆို"

"အဲဒီစကားက အတန်းထဲမှာ ပြောတာ။ အသွားအပြန် ငါစောင့်ရှောက်မယ် ဟား … ဟား … ဟား … ဇွတ်ကြီးပါလား ရဲတင်းသူ ကိုလူချောရယ်"

***

အမွန် စာသင်ရက် နှစ်ပတ်အတွင်းမှာ မောင်နှင့် အမွန်တို့အကြောင်းကို မောင်းခတ်စရာမလိုဘဲ ကူးတို့ဆိပ်မှာ မြို့အိတ်ဖြေသလို ပျံ့လွင့်သွား တော့သည်။ ချိုမြိန်ခြင်းမဟုတ်သည့် ချစ်ရနံ့လေး သင်းပျံ့သွားတာ ကျောင်း အပြင်မှာပင် လွင့်ပျံ့ကုန်သည်။ အမွန့်အိမ်က သိသလို မောင့်အိမ်ကလည်း သိသွားသည်။ မြန်လိုက်တာ။ အမွန် ဣန္ဒြေဆည်ပေမယ့် မောင်က မဏ္ဍပ် တိုင် တက်ပြနေတော့ သိမှာပေါ့လေ။ အမွန့်ကိုတော့ အိမ်က အုပ်ထိန်းသူ ကြီးကြီးနှင့် ယောက်မက သတိပေးဆုံးမပေမယ့် အရမ်းကြီးတော့ မ ချုပ်ချယ်ပါ။ မောင်က အိမ်ကို လာဖူးလာစ ရှိသောကြောင့် ကြီးကြီးက ကျိတ်ပြီး သဘောတူသယောင် ရှိသည်။ ခက်သည်က မောင့်အိမ်အတွက်ပဲ။ မည်သို့မျှ သဘောတူမည် မဟုတ်ချေ။ မောင်တို့က ဗိုလ်ချုပ်လမ်းမှာ ရွှေ ဆိုင်ကြီး ဖွင့်ထားတာဟီးထနေသည် မဟုတ်ပါလား။ အမွန့်လို မိဘမဲ့ တစ်ကောင်ကြွက်၊ အစ်ကိုတွေအိမ်တွင် ချို့တဲ့စွာ ကပ်နေရသူအပေါ်မှာ မော င့်မိဘတွေအဖို့ မက်လောက်စရာ မရှိလေတော့ အမွန် ရင်လေးမိသည်။

သည်ကြားထဲ မောင်တို့အိမ်ရှေ့တိုက်က အမွန်တို့ထက် တစ်တန်း ငယ်သော တင်တင်မြဆိုသော အမျိုးသမီးနှင့် မောင့်မိဘတွေက သဘောတူ ထားသည် ဆိုသည့် သတင်းကလည်း ကျောင်းမှာ ပျံ့လွင့်လာသည်။ တင် တင်မြက အသားညိုညို၊ ရွှက်ကြမ်းရေကျို။

ကျောင်းသို့ စာသင်ဖို့ လာသည်ကိုပင် ရွှေအပြည့် ဝတ်ဆင်လာသည်။ ဖခင်မရှိ၊ မိခင်မုဆိုးမက အရောင်းအဝယ်လုပ်ရင်း စီးပွားဖြစ်လာသည်ဟု သိရသည်။

မောင့်ကို သူမက စတင်ပြီး ချိန်ရွယ်ပုံရသည်။ မျက်နှာချင်းဆိုင် နေသည်မို့ အဝင်အထွက်များပြီး ကြိုးချင်းကလည်းငြိ၊ လူချင်းကလည်း ငြိချင်လေသလား။ အမွန်နှင့် မောင့်အကြောင်း တွန်းတွန်း တိုက်တိုက်လုပ်သည်။ သည်တော့ အမွန်နှင့် မောင်တို့ အကြောင်း မောင့်မေမေ သိလောက်သည်။

***

"သား ... မောင်မြင့်နိုင်၊ သားသတင်းတွေ အမေ ကြားတယ်နော်။ အမွန်ဆိုတဲ့ ကောင်မလေးနဲ့ ကြိုက်နေတယ်ဆို"

မမျှော်လင့်ဘဲ အမေ့စကား ကြားရတော့ မြင့်နိုင် အံ့ဩဟန်မရှိပါ။ သာသနာဖျက်မ တင်တင်မြ ရှိနေခြင်းက တစ်နေ့မဟုတ်တစ်နေ့ သိမည်ဆိုသည်ကို လက်ခံထားပြီးသားပါ။ ထို့အတွက် ရယ်ကျဲကျဲ လုပ်နေလိုက်သည်။

"အမေ မေးတာ ဖြေဦးလေ"

"အင်း ... အမေကလည်း လူပျို၊ အပျို ရည်းစားထားတာ မဆန်းပါဘူး။ ကျွန်တော် စာလည်း ကျက်တယ်။ အတန်းထဲမှာလည်း ပထမချည်း ရတာပဲလေ"

မြင့်နိုင်က ဘာမှမဖြစ်သလို ပြောလိုက်သည်။

"လူလေး ... အမေပြောတာ သေချာနားထောင်။ မင်း ရည်းစားထားတယ်ဆိုပေမယ့် အချိန်တန်ရင် တင်တင်မြနဲ့ ပေးစားမှာပဲ။ တင်တင်မြတို့အမေ မသိန်းတင်နဲ့ အမေတို့က ပြောဆိုထားပြီးပြီ။ ကျိုက်ထို တစ်မြို့လုံး ပြောစမှတ်တွင်အောင် သူ အကုန်အကျခံပြီး မင်္ဂလာ ဆောင်ပေးမယ့် အပြင် မြမြ ဝတ်ထားတဲ့ ရွှေထည် အစိတ်သားကိုလည်း လက်ဖွဲ့ လိုက်မယ်တဲ့။ နင့်ကောင်မလေးက သူများတွေပြောတော့ မိဘမရှိဘူးဆို၊ အစ်ကိုတွေ

နဲ့ ကပ်နေရတယ်ဆို။ ရွှေမရှိ ငွေမရှိ၊ ကိုယ့်ဇာတိကလည်း မဟုတ်ဘဲ ရေမျောကမ်းတင် ပုံစံမျိုးကို သားမို့ စိတ်ကူးတယ်။ အရေပြားအလှကို မကြည့်ပါနဲ့။ ကျောင်းမှာလည်း ကဗျာရူး၊ စာရူး"

"အမေ့စကားကြောင့် မြင့်နိုင် စိတ်ညစ်သွားသည်ကတော့ အမှန်။

"အမေကလည်း တစ်ခါလာလည်း ရွှေစကား၊ တစ်ခါလာလည်း ငွေစကား ဒါပဲပြောနေတယ်။ ကျွန်တော်တို့မှာ ရွှေဆိုင် တစ်ဆိုင်လုံး ရှိတာပဲ။ မြမြ အမေပေးမှ လူဖြစ်မှာလား။ ငါးကျည်းခြောက် ကျပ်တိုက်မကို စိတ်ကိုမဝင်စားဘူး"

ထိုအခိုက် ပန်းကန်တစ်ချပ်ကိုင်ပြီး တင်တင်မြ ဝင်လာသည်။ မျက်နှာက မချိုမချဉ်၊ သံပရာ တစ်ခြမ်းပုံ။ ခုတလော အလှတွေ ပြင်လွန်းသည်။ လိုတာထက်ပိုသည့် အလှပြင်ခြင်းမျိုး။

"ဒေါ်ဒေါ်ရေ ... အမေ ခေါက်ဆွဲကြော် ပို့ခိုင်းလို့"

"မစားဘူး ပြန်ယူသွား"

စကားရောဖောရောနှင့် ဝင်လာသူကို စိတ်တိုနေသော မြင့်နိုင်က ပက်ခနဲ ပြန်ပြောလိုက်သည်။

"နင် ငါ့အကြောင်းတွေ ငါ့အမေကိုတိုင်တိုင်း နင့်ကို ကြိုက်မယ် ထင်လား။ အမွန့်ရုပ်နဲ့ နင့်ရုပ်ကိုလည်း ယှဉ်ကြည့်ပါဦး။ သက်သက် မနာလိုဖြစ်နေတာ။ ယောကျ်ားနောက်ပိုး လုပ်နေတာ နင် မရှက်ဘူးလား။ ကျောင်းမှာ ကြိုက်မယ့်လူမရှိလို့ ငါ့ဘက် လှည့်မလာနဲ့နော်။ လက်သီးစာမိမယ်"

မြမြက ကြောင်အမ်းအမ်း ဖြစ်သွားကာ ပန်းကန်ကို စားပွဲပေါ်တင်ပြီး ပြေးထွက်သွားတော့သည်။

"ဟဲ့ ... မြင့်နိုင် လာစမ်း"

အမေက တုတ်တစ်ချောင်း ဆွဲပြီး မြင့်နိုင်ကို လေး၊ ငါးချက် ရိုက်သည်။ မြင့်နိုင် အံကြိတ်ပြီး ခံသည်။ အဖေဝင်ပြောမှ အမေ အရိုက်ရပ်တော့သည်။

"သား မောင်မြင့်နိုင်၊ မိဘစကား နားထောင်မှပေ့ါကွယ်။ မင်းအမေကို ခံပြောနေရင် မင်းအောက်မှာ ညီ၊ ညီမ သုံးယောက်ရှိသေးတယ်။ မင်းက ဖြောင့်ဖြောင့်သွားမှ သူတို့လည်း ဖြောင့်ဖြောင့် လိုက်မှာပေ့ါ။ ကဲ ... နောက်ဆို အဖေ ဆူသံပူသံ မကြားချင်ဘူး။ အမေ့ကိုလည်း ပြန်လှန်မပြောနဲ့"

မြင့်နိုင် အရိုက်ခံရခြင်းအပေါ် နာကျင်သည် မဟုတ်ပါဘဲ လမ်းရှေ့မှာ ပိတ်ရပ်နေသော မြမြကို သူနာကြည်းမိသည်။ ရေမိုးချိုး၊ ထမင်းစားပြီး ဆိုင်ကူသိမ်းပေးကာ အပြင်ဘက်ထွက်လိုက်သည်။ မြမြအမေ ဒေါ်သိန်းကို တွေ့သဖြင့် သွေးများ ဆူတက်လာခိုက် ဒေါ်သိန်း အိမ်ရှေ့သို့ ရောက်သွားသည်။

"ဒေါ်ကြီး၊ ဒေါ်ကြီးသမီး မည်းတူးမ အတို့အထောင်လုပ်လို့ ကျွန်တော် အရိုက်ခံရပြီ။ ကိုယ့်သမီး အကျည်းတန်မကို ဆုံးမထား။ ဒေါ်ကြီး မဆုံးမဘဲ ကျွန်တော် ဆုံးမရင် ဆေးရုံရောက်မယ် သိလား"

ဒေါ်သိန်း ခေါင်းထောင်ပြီး မြင့်နိုင်ကို စေ့စေ့ကြည့်သည်။ မြမြက နောက်ဘက်နားမှာ သူ့အမေဘက်က ကူပြောဖို့ စောင့်နေသလား မသိ။

"ဟဲ့ ... မြင့်နိုင် ရိုင်းလှချည်လား၊ ကျေးဇူးမကန်းနဲ့နော်။ နင့်မိဘတွေ မျက်နှာကြောင့် ငါသည်းခံနေတာ။ ငါ့သမီးကို နင်ပြောလွှတ်တာ ကိုတော့ ထည့်မပြောဘူးလား"

ဆူညံသံတွေကြောင့် အဖေနှင့် အမေ ပြေးထွက်လာပြီး မြင့်နိုင်ကို ဆွဲခေါ်သည်။ စကားတစ်လုံး ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"ခင်ဗျားသမီးကို လင်မရမှာစိုးလို့ ငွေနဲ့ တင်တောင်းမလို့လား။ မြင့်နိုင်ဆို

တဲ့ ကောင်ဟာ ခင်ဗျားကြီး သမီးကို လုံးဝစိတ်မဝင်စားဘူး

မြင့်နိုင်စကားအဆုံး အဖေ၏ လက်သီးများက မြင့်နိုင်မျက်နှာပေါ် နှစ်ဆင့်ကျလာတော့သည်။ နှုတ်ခမ်းနှင့်သွားကြားက သွေးများထွက်လာသည်။ မြင့်နိုင် စက်ဘီးပေါ်ခွပြီး တစ်ရှိန်ထိုး နင်းလိုက်သည်။ ရှက်လည်း ရှက်၊ ခံပြင်းစိတ်များ ဆူဝေလျက် တနုံ့နုံ့ခံစားရပြီး သန်းအေး အိမ်သို့ ဦးတည်လိုက်သည်။

"ဟော့ကောင် ... စက်ဘီး မှောက်လဲတာလား"

"ဘယ်ကလာ ဟိုမည်းတူးမ စနက်ကြောင့် တစ်အိမ်လုံး သိသွားပြီ။ အမေကလည်း ငါ့ကို ရိုက်တယ်။ မည်းတူးမအမေကို ဒေါသထွက်လွန်းလို့ သွားပြောတော့ အဖေက ငါ့ကိုထိုးတယ်ကွာ"

သန်းအေးကို ဖြစ်ကြောင်းကုန်စင် ပြောပြတော့ သန်းအေးက သက်ပြင်းချသည်။

"အမေတို့ တောင်စွန်းသွားကြတယ်။ မင်း ဒီမှာအိပ်လိုက်လေ။ မနက်ဖြန်ကျောင်းပိတ်လို့ ပေါ့ကွာ။ နို့မို့ မင်းကို ကျောင်းမှာ စကြမှာ မြင်ယောင်သေး"

သန်းအေး အမေနှင့်အစ်မ မရှိဘူးဆို၍ မြင့်နိုင် ဝမ်းသာလုံးဆို့သွားသည်။ ဒဏ်ရာကိုပင် မမှုနိုင်တော့။

"ဟာ ... ဒါဆို အတော်ပဲသန်းအေး။ ငါ့ကိုကူညီပါဦး။ ရုပ်ရှင်လက်မှတ် နှစ်စောင်ဝယ်၊ ခင်အုန်းမြင့်ကိုပေးပြီး အမွန့်ကို ခေါ်ထုတ်လာခိုင်း"

မြင့်နိုင်က ပိုက်ဆံ ထုတ်ပေးလိုက်သည်။ စားစရာပါ ဝယ်ခိုင်းလိုက်သည်။ ညနေ (၆) နာရီလောက်မှာ အမွန်နှင့် ခင်အုန်းမြင့် ရောက်လာသည်။

"ဟင် ... မောင် ဘယ်လိုဖြစ်တာလဲ။ အမွန် ရင်ထိတ်လိုက်တာ။ အိမ်က မသွားစေချင်ပေမယ့် မမမြင့်က ရုပ်ရှင်လက်မှတ် ဝယ်ပြီးပြီဆိုလို့ ခွင့်ပြုတာ"

မြင့်နိုင် ပါးစပ်နာနေသည့်ကြားက ပြန်ပြောရပြန်သည်။

"သန်းအေး အိမ်ရှေ့က သော့ခတ်လိုက်။ မင်း နောက်ဖေးက ပြန်ဝင်။ တော်တော်ကြာ ငါ့ကို လာရှာနေဦးမယ်။ ငါ အမွှန်နဲ့ နောက်ဖေးမီးဖိုချောင်မှာ စကားပြောနေမယ်။ မင်းနဲ့ ခင်အုန်းမြင့်က အိမ်ရှေ့မှာ စားကြပေါ့ "

"အမယ်လေးဗျာ ... ဒီလိုတော့လည်း စီမံခန့်ခွဲတတ်လိုက် ငါ့ နှမကို လက်ဖျားနဲ့ မထိရဘူးနော်"

မြင့်နိုင် ဒဏ်ရာများကိုပင် မေ့နေသည်။ အမွှန့်မျက်နှာကို တစိမ့်စိမ့် ကြည့်နေ၏။

"အမွှန် ဘာလို့ မျက်ရည်ကျနေရတာလဲ"

"မောင့်ကို သနားလို့ပေါ့။ ပြီးတော့ အမွှန်တို့ ရှေ့ရေးကိုလည်း ပူတယ်။ မောင့်ရဲ့ ရောင်နေတဲ့ ဒဏ်ရာကို အမွှန် လက်ပူတိုက်ပေးမယ်။ ဟင့်အင်း ... နေဦး၊ လက်ကိုင်ပဝါနဲ့ လုပ်ပေးမယ်"

အမွှန်က လက်ကိုင်ပဝါလေးကို လုံးလိုက်ပြီး အာငွေ့ပေးကာ ရောင်နေသောနေရာကို ဖိဖိပြီး အုပ်ပေးနေသည်။

"မောင် အမွှန်တို့ အဆက်ဖြတ်လိုက်ရင် မကောင်းဘူးလား။ တော်ကြာ မောင့်အမေက အိမ်မှာလာပြောရင် အစ်ကိုနဲ့ ယောက်မပါ အရှက်ကွဲပါ့မယ်။ မောင့်အမေကိုလည်း အပြစ်မတင်ပါဘူး မောင်ရယ်။ ဘဝချင်း မတူကြဘဲကိုး"

"ဘာပြောတယ်၊ အဆက်ဖြတ်ရမယ် ဟုတ်လား။ သတ္တိမွေးစမ်းပါ မွှန်ရယ်။ မောင် ဆယ်တန်းအောင်ရင် မွှန့်ကို ခိုးပြေးမယ်။ မွှန်လည်း ဆယ်တန်း အောင်အောင်လုပ်။ ကဗျာတွေ၊ ဝတ္ထုတွေချည်း ရေးမနေနဲ့နော်"

မြင့်နိုင်က သန်းအေးတို့အလစ်မှာ အမွှန့်ကို သိုင်းဖက်လိုက်သည်။ ပြီး

တော့ ပျောက်သွားမှာ စိုး၍ထင့် တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားသည်။

"မောင်ရယ် လွှတ်ပါဦး၊ မွန် အသက်ရှူ ကျပ်နေပြီ။ ဒီမှာ ကြာကြီးနေလို့ မရဘူးနော်။ ရုပ်ရှင်အပြီး ပြန်ရမယ်"

"ပူမနေပါနဲ့ မွန်ရယ်။ မောင်နဲ့ သန်းအေး လိုက်ပို့ပေးမယ်"

"မောင် တော်တော်နာသွားလားဟင်"

"နာတော့ နာတယ်။ အခု အမွန့် မျက်နှာလေးတွေ့တော့ အနာတွေ သက်သာသွားပြီ"

"သွား ... တော်တော်ပို"

မြင့်နိုင် အမွန်နှင့် စကားတဝကြီးပြောရင်း သန်းအေး ဝယ်လာသည့် ခေါက်ဆွဲကြော်များ စားကြသည်။ အမွန့်ပန်းကန်ထဲသို့ အသည်းဖတ်များ ထည့်လိုက်တော့ ခင်အုန်းမြင့်က မျက်စောင်း ခဲသည်။ ရုပ်ရှင်ပြီးချိန် အမွန့်ကို မြင့်နိုင် လမ်းထိပ်အထိ လိုက်ပို့သည်။

ပြီးမှ ခင်အုန်းမြင့် စက်ဘီးနောက်က လိုက်စီးပြီး အိမ်ပြန်သည်။

***

အမွန် အိမ်ပြန်ရောက်တော့ ကြီးမေမှတစ်ပါး အားလုံး အိပ်ကုန်ကြပြီ။ ကြီးမေက တိုးတိုးလေး မေးသည်။

"အမွန် ဘယ်သူတွေ ပါသေးလဲဟင်"

အမွန် မညာချင်ပါ။ မုသားကိုလည်း ကြောက်ပါသည်။

သည့်အတွက် အမွန် ကြီးမေကို အမှန်အတိုင်း ပြောပြသည်။ ကြီးမေက မျက်နှာမကောင်း။ အမွန့် အနာဂတ်အတွက် ဖြစ်လာမည့် အခြေအနေကို သုံးသပ်၍ တွေးပူနေပုံရသည်။

"အမွန် ... သမီး ဘယ်လိုဆုံးဖြတ်သလဲ"

"အမွန်လည်း ဘာမှမပြောတတ်တော့ပါဘူး ကြီးမေရယ်။ အမွန် သူ့ကိုချစ်တာတော့ အမှန်ပဲ"

ကြီးမေ သက်ပြင်းချသည်။

"ကိုယ့်ဘက်က နစ်နာအောင်တော့ မလုပ်နဲ့နော်။ အနေအထိုင် ဆင်ခြင်။ မိန်းကလေးဆိုတာ ဖက်ပဲလေ။ ဆူးပေါ်ကျလည်း ဖက်ပဲပေါက်မှာ၊ ဖက်ပေါ်ကျလည်း ဆူးက ကျိုးမသွားဘဲ ဖက်ပဲပေါက်မှာ"

ကြီးမေက အိပ်ရာဝင်ပုံပြင် ပြောလေပြီ။ အတွေ့အကြုံရှိသော လူကြီးသူမ စကားကိုတော့ အလေးထားရသည်မှန်း အမွန်သိပါသည်။

"ဟုတ် ... ဟုတ်ကဲ့၊ အမွန် နားလည်ပါတယ် ကြီးမေရယ်။ အမွန် ထိန်းပါ့မယ်"

"အေးလေ ... ဘာလိုလိုနဲ့ ပထမအစမ်းဖြေဖို့ ဘာမှ မလိုတော့ဘူး။ စာကျက်ပါ သမီးရယ်။ မိဘမရှိလို့ မျက်နှာငယ်ရတာက တစ်မျိုး၊ ယောက်မ မျက်နှာ ကြည့်နေရတာက တစ်မျိုးဆိုတော့ စာကြိုးစားမှဖြစ်မယ်။ ဖူးစာမှန်ရင် တစ်ချိန်မှာ ဆုံကြမှာပဲ။ ကြီးမေကတော့ မောင်မြင့်နိုင်ကို သဘောမတူစရာ အကြောင်း မရှိပါဘူး။ ဒါပေမဲ့ သမီးတို့အရွယ်က ငယ်ပါသေးတယ်နော်"

ထိုနေ့က အမွန်နှင့် ကြီးမေစကားတွေ အတော်ပြောဖြစ်သည်။

တနင်္လာနေ့ ကျောင်းဖွင့်ရက်မှာ မောင် ကျောင်းမှတက်ပါ့မလား။ ကိုသန်းအေးအိမ်က ပြန်သွားပြီလား အမွန် သိချင်နေသည်။ ယခင်ကဆို အမွန်တို့ ကျောင်းသွားရာ လမ်းထိပ်မှာ စက်ဘီးနှင့် ရပ်စောင့်နေကျ။ ယနေ့တော့ တွေ့နိုင်ပါ့မလားဟု တွေးပူမိသေးသည်။

"ကလင် ... ကလင်"

စက်ဘီးဘဲလ်တီးသံကြောင့် အမွန် လမ်းဘေးကိုရှောင်ပြီး ကြည့်မိသည်။

"မွန်"

"ဟယ် ... မောင် အိမ်ပြန်သွားပြီလား။ ဘာတွေ ဆက်ဖြစ်သေးလဲဟင်"

အမွန် သိချင်သမျှ အရင်ဦးအောင် မေးလိုက်သည်။

"တစ်ညအိပ်ပြီး နောက်နေ့ပြန်သွားတယ်။ မောင် ဇွတ်လုပ်မှာစိုးလို့လား မသိဘူး၊ ဘာမှမပြောကြဘူး။ မည်းတူးမလည်း အိမ်မလာရဲတော့ဘူး"

အမွန်တို့နှစ်ယောက် စကားပြောရင်း လျှောက်လာခိုက် အမွန်တို့ကို ကျော်တက်သွားသည့် နှစ်ယောက်ကို ကြည့်လိုက်ရာ တင်တင်မြနှင့် မြှောက်ပင့်ညာစားနေသော သူ၏သူငယ်ချင်း တရုတ်ကပြားမ မဝင်းတီ ဖြစ်နေသည်။ သူတို့နှစ်ယောက်ထံမှ စကားသံအချို့ ခပ်ကျယ်ကျယ် ထွက်လာသည်။

"လူဆိုတာ ကိုယ့်အဆင့် ကိုယ်သိရတယ် အတီရဲ့"

"အေးဟယ် ... တချို့ကလည်း အမြင့်ကို မှန်းကြတယ်"

အမွန့်ကို စောင်းပြောသွားမှန်း သိလိုက်သလို မောင်ကလည်း ချက်ဆို နားခွက်က မီးတောက်သည့် လူစားပဲ ချက်ချင်းသိသည်။ မောင်က တုံ့ပြန်မည့်ဟန် ပြင်နေသည်မို့ အမွန် တားလိုက်ရသည်။ အမွန် စိတ်မကောင်းပါ။ ကိုယ်က မပြိုင်ပါဘဲ ပြိုင်ဘက်ကြောင့် အမွန် ကျောင်းမတက်ချင်တော့ပါ။ သို့သော်လည်း ပြေးစရာမြေမရှိ ဖြစ်နေသည် မဟုတ်ပါလား။

မုန့်စားဆင်းချိန်လည်း မမြင့်နှင့်သာ ကျောင်းအပြင်ဘက် အကြော်ဆိုင် သွားကြသည်။ အမွန့်အဖို့ မလိုလားအပ်သော ပြဿနာများ မဖြစ်စေလို၍ ဖြစ်သည်။ မုန့်စားပြီးသည်နှင့် စာကြည့်တိုက်ထဲဝင်ပြီး စာဖတ်သည်။ စာအုပ်ရှာဖွေပြီး ကျောင်းတက်မှ စာသင်ခန်းထဲသို့ ပြေးဝင်ရသည်။ အမွန်

ရှောင်နေမှန်း မောင်သိတော့ အမွန်စားတတ်သည့် မုန့်ဆိုင်ကို မရမက လိုက်လေ့ရှိသည်။ မမမြင့်က လူချင်းမတွေ့ဘဲ စာရေးဖို့ ပြောသော်လည်း မောင်က လက်မခံ။ ညနေ ကျောင်းဆင်းချိန်မှာ မမမြင့် စက်ဘီးနောက်က လိုက်စီးပြီး ပြန်သော်လည်း မောင်က ဘေးချင်းကပ်ရပ် လိုက်ပါစမြဲပါ။

တစ်နေ့ စာကြည့်တိုက်ထဲရောက်စဉ် မြမြနှင့် မဝင်းတီ မလာစဖူး ဝင်လာသည်။ အမွန် စာအုပ်ရှာနေချိန် ဖြစ်သည်။

"ဒီမှာ မွန်မွန်သန့်၊ ဒေါ်ဒေါ်က မှာလိုက်တယ်။ ကိုမြင့်နိုင်ကို မင်းဘက်က စပြီးဖြတ်ပါတဲ့။ ကိုမြင့်နိုင်နဲ့မင်း မတန်ဘူးတဲ့။ တို့အမေ သူ့အိမ်ကို ရင်းနှီးဖို့ ချေးထားရသေးတယ်။ မင်း နောက်ဆုတ်ပါ"

ဆိုင်းမဆင့်ဘုံမဆင့် အများရှေ့မှာ အပြောခံရသည့်အတွက် အမွန် ရှက်ခြင်း၊ ဝမ်းနည်းခြင်းက ဆိုဖွယ်ရာ မရှိတော့ပါ။ ကျောင်းမှာ ရန်ဖြစ်လျှင် ပြဿနာဖြစ်မှာ စိုး၍ ငြိမ်ခံနေလိုက်ရသည်။ သို့သော် မမမြင့်က မခံ။ မှန်လျှင် နှုတ်လှန်ထိုးတတ်သူပီပီ ချက်ကျကျ ချေပလေသည်။

"မြမြ၊ မင်း ရိုင်းလှချည်လား။ ပြောသင့်တဲ့စကားလား၊ မပြောသင့်တဲ့ စကားလား စဉ်းစားပါဦး။ မြေနိမ့်ရာ လှံစိုက်နေတာလား"

"မင်းနဲ့ ဘာဆိုင်လို့လဲ။ မင်း ဘာမှ ဝင်ပြောပိုင်ခွင့် မရှိဘူး"

"ဟ ... မင်း ပိုရိုင်းပြန်ပြီ။ မင်းဟာ တို့ထက်ငယ်တယ်။ ယဉ်ကျေးမှု မရှိဘူးလား။ ငါ မြင့်နိုင်နဲ့ စာရင်းရှင်းရမယ်။ အမွန် သွားမယ်"

မမမြင့်က အမွန့်ကို လက်ဆွဲပြီး အခန်းထဲ ပြန်ခေါ်လာသည်။ အမွန်တို့ အကြောင်း စာကြည့်တိုက်က အရင်ပြန်ရောက်သူများက တီးတိုးပြောရာ အမွန့်ကို ခင်မင်နေကြသော သူငယ်ချင်းများနှင့် မော်နီတာ ခန့်ထားသော ကိုမျိုးလွင်က အမွန့်ကို အားပေးသည်။

သူများအားပေးမှ အမွန် ငိုတော့သည်။ ယနေ့ ဆရာမကြီး အစည်းအဝေး လုပ်နေသဖြင့် ကျောင်းတက် ခေါင်းလောင်း မထိုးသေး၍ တော်သေးသည်။ အမွန် မျက်ရည်သုတ်ပြီး ဟန်မပျက်နေရသည်။

ကိုမျိုးလွင်က အမွန့်ဘက်ကနေ ခံပြင်းပြီး

"ညနေ ကျောင်းလွှတ်ရင် ငါ မြင့်နိုင်နဲ့ အတူတူပြန်မယ်။ ခင်အုန်းမြင့်နဲ့ သင်းသင်း၊ နင်တို့က လမ်းကြောင်းတူတယ်။ အတူတူပြန်ကြ"

တစ်တန်းလုံးမဟုတ်တောင် တော်တော်များများက အမွန့်ဘက်က ခံစား ပေးသူများ ရှိကြသည်။ တစ်နယ်တစ်ကျေးက ပြောင်းလာသည့် သင်းကွဲ မျောက်လေး တစ်ကောင်ကို သနားနေကြသည်လည်း ပါသလို ပိုက်ဆံရှိ၍ ဂုဏ်မောက်နေသော ရှစ်တန်းကျလို့ ရှစ်တန်းမှာ ပြန်တွေ့နေရသူ တင်တင် မြကို အချဉ်ပေါက်ကြ၍လည်း အမွန့်ကို ဖေးမခြင်းဖြစ်သည်။ အမွန့်ဘက် ကတော့ အင်အား တောင့်တင်းသည်မှာ အမှန်။

ကျောင်းမတက်သေး၍ ကိုမျိုးလွင်က ဆယ်တန်း အခန်းဘက်သို့ ထွက် သွားသည်။

ညနေပြန်တော့ အမွန် မမမြင့်၊ သင်းသင်းတို့နှင့်အတူ တောင်သူစု ရပ်ကွက်ထဲသို့ ပြန်သည်။ မောင်က ကိုမျိုးလွင် ချိန်းထားသဖြင့် ဗိုလ်ချုပ် လမ်းအတိုင်း ပြန်ကြသည်ကို တွေ့ရသည်။

***

အိမ်မှာ ဘာတွေဖြစ်သည်မသိ။ နောက်ရက် မောင့်ကို ကျောင်းမှာ မတွေ့ရ တော့ အမွန့် ရင်ထဲမှာ ဗလောင်ဆူနေသည်။ တွဲသွားတွဲလာ မလုပ်ချင် သော်လည်း နှလုံးသား၏ စေ့ဆော်ချက်အရ မောင့်မျက်နှာလေးကို တစ်နေ့ တစ်ကြိမ်လောက်ဖြစ်ဖြစ် အဝေးက ကြည့်နေချင်သူက အမွန်ရယ်ပါ။

နောက်ရက်များမှာ အမွန် ကျောင်းတက်တော့ မောင်က စောင့်နေကျ နေရာမှာ လာစောင့်သည်။

"မောင် မနေ့က ဘာလို့ ကျောင်းမတက်တာလဲဟင်"

မောင့်မျက်နှာ ညှိုးနွမ်းနေသည်။

"ဟိုမည်းတူးကြောင့်လေ။ အမေ မပြောခိုင်းဘဲ အမွန့်ကို လျှောက်ပြော တာ။ မောင် မခံချင်တာနဲ့ အိမ်ခေါ်ပြီး ရှင်းလိုက်တယ်။ အမွန် နောက်ဆို ကျောင်းပိတ်ရက်မှာ အမွန့်အိမ်ပဲ လာမယ်။ တော်တော်ကြာ ကျောင်းအုပ် ဆရာမကြီးကို မည်းတူးမက တိုင်နေမှ အမွန့်ကို အရှက်မရစေချင်ဘူး။ မောင်ကတော့ ပညာစုံရင် အမွန်ကလွဲပြီး ဘယ်သူမှ လက်မထပ်နိုင်သလို အမွန့်ကိုလည်း အသည်းပေါက်အောင် ချစ်ရသူပါကွာ။ အမွန်ရော မောင့်ကို ချစ်ရဲ့လား"

"ပြောနေစရာ လိုလို့လား။ ဒီတစ်သက် မောင်ကလွဲပြီး ဘယ်သူ့ကိုမှ မ စဉ်းစားဘူး။ အချစ်ဦးဖြစ်သလို နောက်ဆုံးချစ်သူပါ မောင်ရယ်။ ဒါ ... ဒါပေမဲ့"

"အားမငယ်ပါနဲ့ အမွန်ရယ်နော်။ ကဲ ... ဟုတ်ပြီ၊ ဒါဆို စာမေးပွဲလည်း ဖြေ ရတော့မယ်။ မောင်တို့ အစွမ်းကုန် စာကျက်ရအောင်။ ကျောင်းစာမေးပွဲ အောင်မှ အချစ်စာမေးပွဲ ဆက်ဖြေကြတာပေါ့ မွန်လေးရယ်"

မောင့်စကားကြောင့် အမွန် ပြုံးနေမိသည်။

***

ပထမအစမ်း စာမေးပွဲတွင်သာမက စာမေးပွဲကြီးပါ အမွန် ဖြေဆိုနိုင်ခဲ့သည်။ သစ်ရွက်တွေလည်း ပင်စည်ထက်မှ ခြောက်သွေ့ပြီး ရွက်သစ်ဝေဖို့အတွက် ဖယ်ရှားပေးနေရပြီ။ မကြာမီ သင်္ကြန်ကျတော့မည်။

အိမ်ရှေ့က ပိတောက်ပင်ကြီးလည်း နုဖပ်သော ပုရစ်ဖူးလေးများ ထွက်ပေါ်လာလေပြီ။

မောင်က ကျောင်းပိတ်တော့ အိမ်ကို တစ်ရက်ခြားလာသည်။ မောင်စာမေးပွဲဖြေနိုင်သည့် အတွက် အမွန် ဝမ်းသာရပါ၏။

"မောင် စာမေးပွဲအောင်ရင် တက္ကသိုလ် ဆက်တက်မှာနော်"

"အင်း ... မစဉ်းစားရသေးပါဘူး။ ဆိုင်ထိုင်ပြီး အမွန်ဆယ်တန်း ဖြေပြီးတာနဲ့ ခိုးပြေးမလို့လေ"

"လုပ်ပြီ၊ စကားအကောင်း ပြောနေတာကို"

"အဲဒါတွေ မကြားချင်တော့ဘူး။ တွေ့တုန်း ပျော်ပျော်နေရအောင်။ မောင်ဒီမှာ ထမင်းစားမှာနော်။ မလေးရေ၊ ကြီးမေရေ ကျွန်တော့်ကို ထမင်းကျွေးနော်"

မောင်က မီးဖိုထဲမှာ ချက်ပြုတ်နေကြတဲ့ ယောက်မဖြစ်သူ မသန်းသန်းနှင့်ကြီးမေကို လှမ်းအော်လိုက်ပြီး မီးဖိုထဲ ဝင်သွားတော့သည်။ အမွန်လည်းလိုက်ဝင်ရသည်ပေါ့ ။

"မလေး ကျွန်တော် ခေါက်ဆွဲကြော်နဲ့ စားစရာတွေ သွားဝယ်ဦးမယ်နော်"

"ဟဲ့ ... ဟို မဝယ်နဲ့၊ ဒီမှာ ငါးသလောက် ပေါင်းတယ်။ ချဉ်ပေါင်ချဉ်ရည်

ချက်တယ်။ ငါးပိရည်၊ တို့စရာနဲ့။ ခင်အုန်းမြင့် ကလည်း သူတို့အိမ်မှာ ငါးပေါင်းထုပ်လို့ ထမင်းစားချိန်အမီ လာမှာတဲ့"

အဲဒီအငတ်မကြီးကလည်း လာမယ်တဲ့လား"

"ဒေါင်း"

"အား"

"ရှေ့ပြော နောက်ကြည့်တဲ့။ ငါ နောက်မှာ ရောက်နေတာ နင် မသိဘူး မဟုတ်လား။ အဲဒီတော့ ထိုးနဲ့ခေါက်လိုက်တာပေါ့"

မောင်က မဲ့ရွဲ့နေပေမယ့် ပျော်ရွှင်နေပုံရ၏။ အမွန်တို့က ကြီးမေနှင့် ကိုလေးအတွက် ထမင်းဦးချပြီး မလေး အပါအဝင် လေးယောက် စားကြသည်။ မောင်က လူလည်။ ဝင်ထွက် ကောင်းအောင် ကြီးမေကိုရော မလေးကိုပါ အပိုင်ပေါင်းထားသည်။ မလေးတို့အနေနှင့်လည်း ငွေမျက်နှာကြောင့် မဟုတ်ဘဲ မောင် အမွန့်အပေါ် ချစ်လွန်း၍ အမွန့် ရှေ့ရေးအတွက် ခွင့်ပြုထားခြင်း ဖြစ်သည်။

"မလေး ...ခုကတည်းက ကျွန်တော် ကြိုပြီးခွင့်တောင်းပါရစေ။ သင်္ကြန်ကျရင် ကေလာသတောင် သွားကြမလို့။ အမွန့်ကို ထည့်ပေးလိုက်ပါနော်။ ခင်အုန်းမြင့်တို့လည်း ပါမယ်"

"ဟုတ်လား၊ ဘာနဲ့သွားမှာလဲ"

"စက်ဘီးနဲ့ သွားရမလား၊ လှည်းနဲ့ သွားရမလား မသိသေးဘူး"

"ဟဲ့ ... လှည်းနဲ့သွားရင် ပိုပြီး ပျော်စရာ မကောင်းဘူးလား"

မမြင့်က ဝင်ပြောသည်။

"အဆင်ပြေသလိုပေါ့ဟာ။ နော် ... အမွန်"

ကေလာသတောင်သည် ကျိုက်ထိုနှင့် ဝင်းကရွာအနီးတွင်ရှိ သမိုင်းဝင်

စေတီ ဖြစ်သည်။ တောင်သည် အပေါ်သို့ ရောက်ခါနီးလေ မတ်စောက်လေ ဖြစ်သဖြင့် အမွန် တက်နိုင်ပါ့မလားဟု စဉ်းစားမိသည်။ သထုံမှာ နေစဉ်က ပင် မြသပိတ်တောင်တော် တက်တိုင်း အမွန် နောက်ဆုံးမှ တောင်ထိပ် ရောက်သည် မဟုတ်ပါလား။

"အမွန် တက်နိုင်ပါ့မလား မသိဘူး"

"ပူမနေနဲ့ အမွန်ရေ။ မတက်နိုင်ရင် မြင့်နိုင် ကုန်းပိုးလိမ့်မယ်"

မမမြင့်ပြောတော့ အားလုံး ဝိုင်းရယ်ကြသည်။ ကြည်နူးရသည့်ဖြစ်ခြင်း။

"မောင်မြင့်နိုင် မလေးလည်း လိုက်ရမလား"

"ဟာ ... မလေးက ကလေးတစ်ဖက်နဲ့လေ ပင်ပန်းနေမှာပေါ့"

ယဉ်ကျေးစွာ ငြင်းပယ်လိုက်ပေမယ့် ရယ်ကြရပြန်သည်။

သည်လိုနှင့် သင်္ကြန်ရက် ရောက်လာခဲ့ပြီပေါ့။ ပိတောက်ပန်းတွေလည်း ငု ဝါပန်းနှင့်အပြိုင် မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်နေပြီ။ အမွန်တို့က အကျနေ့မှာ သွား ကြသည်။ လှည်းပေါ်မှာ သူငယ်ချင်း တစ်သိုက်နှင့် အမွန် လိုက်ပါသည်။ လှည်းပေါ်တွင် အမွန်နှင့်မောင်က ယှဉ်လျက်ထိုင်ကြသည်။ လမ်းကမ ကောင်းသဖြင့် မောင်က အမွန့်ပခုံးလေးကို သိုင်းဖက်ထားသည်။ အတူစီး လာသော သူငယ်ချင်းများက တစ်ယောက်ပြီးတစ်ယောက် အမွန့်ပခုံးပေါ် က မောင့်လက်ကို ဖယ်ကြသည်။ ဤသည်ကိုပင် မောင်က သဘောကျနေ သေးသည်။

"မောင် ... မွန် တက်နိုင်ပါ့မလား မသိဘူးနော်"

"မောင်ပါတယ်လေ။ ဘာမှမပူနဲ့၊ မောင့်လက်ကိုတွဲပေါ့။ ခင်အုန်းမြင့်၊ နင့် ကိုတော့ ငါမတွဲနိုင်ဘူးနော်"

မမမြင့်က မောင့်ကျောပြင်ကို ဖြန်းခနဲ ရိုက်ရင်း

"နင်တွဲမှာကိုလည်း ငါကြောက်ပါတယ်။ အေးဆေးပါ"

တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောကြ၊ စကြနောက်ကြရင်း ကေလာသ တောင်ခြေရင်းသို့ ရောက်ရှိလာတော့သည်။ တောင်ခြေတွင် လူများ ဖွေးဖွေးလှုပ်နေသည်။

"မောင် ... တင်တင်မြတို့ရော လာမှာလား မသိဘူး"

"အို ... စိတ်ချစမ်းပါ။ သူတို့အိမ်မှာ ဒီမနက် အလှူရှိတယ်။ အမေက စိတ်မချလို့ မောင့်လူယုံ ကိုတိုးကို ထည့်ပေးလိုက်တာ။ ကေလာသ သွားမယ်ဆိုတာ မသိကြဘူး"

အခုမှ အမွန် စိတ်အေးရသည်။ တောင်ခြေတွင် ရောင်းချသော စားသောက်ဆိုင်မှာ အစားစားပြီး တောင်ပေါ်တွင်စားဖို့ စားစရာအချို့ကို ကိုသန်းအေးက ဝယ်သည်။ ကိုသန်းအေးက သင်းသင်းကို ချိတ်နေပုံရ၏။ သင်းသင်းနားက မခွာဖြစ်နေသည်မှာ သိသာလှ၏။

တောင်ပေါ် တက်ကြသောအခါ အမွန့် ခြေထောက်များ လေးလံလာ၍ နားနားပြီး တက်ရသည်။ အတူပါသူ အုပ်စုက မမြင်ရအောင် ပျောက်ကွယ်သွားတော့သည်။ တောင်ထိပ် ရောက်ခါနီးလေ အမွန် အသည်းအေးလေပင် ဖြစ်သည်။ မောင် ဆွဲတက်၍သာ တောင်ပေါ်သို့ရောက်ပါတော့သည်။ တစ်လမ်းလုံး မောလာသမျှ တောင်ပေါ်ရောက်သော် ရင်ထဲအေးမြသွားရပါ၏။

မောင်က နာမည်နှင့်မကိုက်ဘဲ တနင်္လာသားဖြစ်၍ တနင်္လာထောင့်တွင် ဘုရားရှိခိုး၊ အမွန်က သောကြာသမီး ဖြစ်၍ သောကြာထောင့်တွင် ဘုရားဝတ်ပြုကြပြီး ဘုရားပတ်လည်ရှိ ကြည်နူးဖွယ်ရာ သဘာဝ တောတောင် အလှအပကို ကြည့်ကြသည်။ ညနေစောင်းမှ တောင်ပေါ်မှ ဆင်းကြသည်။

"အမွန် အပြန်ကျရင် ဝင်းကမှာနေတဲ့ သန်းအေး ဘကြီးအိမ် ခဏဝင်မယ်

နော်"

"ရတယ်လေ၊ မောင်တို့သဘောပါပဲ"

ကိုသန်းအေး ဘကြီးအိမ် ခေတ္တဆိုသလို ဝင်ရောက် နှုတ်ဆက်ရင်း ပျော်ပျော်ပါးပါး ပြန်လာကြရာ မိုးချုပ်မှ အမွန်တို့အိမ် ပြန်ရောက်တော့သည်။ ရေလည်း စိုလာသဖြင့် အဝတ်အစားလဲပြီး အိပ်ရာထဲ ဝင်လိုက်တော့သည်။ ပင်ပန်းသည့်ဒဏ်ကြောင့် မောင်နှင့်တွဲပြီး တစ်နေ့လုံး ပျော်ရွှင်ခဲ့ရသည်များကိုပင် တမ်းတချိန် မရလိုက်တော့ဘဲ ခုတင်ပေါ် လှဲလိုက်သည်ဆိုရင်ပဲ အိပ်ပျော်သွားတော့သည်။

***

နှစ်ဆန်းတစ်ရက်နေ့ အောင်စာရင်းထွက်သောအခါ အမွန်အောင်သည်။ အောင်စာရင်း လာကြည့်သူများလည်း ကြိတ်ကြိတ်တိုးနေသလို ဘာမှမဆိုင်ဘဲ မောင်က အမွန့်အတွက် လာကြည့်သည်။ ကိုသန်းအေးလည်း ပါလာပြီး မမမြင့်နှင့်အတူ အိမ်ပြန်ကြသည်။

လမ်းတွင် မမမြင့်က -

"အမွန် ... နင်အောင်တဲ့အကြောင်း အိမ်ပြန်ပြောပြီး တို့

လိုက်လည်မယ်။ ငါ တစ်ခါတည်း စောင့်ခေါ်မယ် သိလား"

"ဟင် ... ဘယ်သွားမှာလဲ မမမြင့်"

"ကျိုက်ထီးရိုးဘုရားဘက်ကို သွားမယ်။ လမ်းမှာ မုန့်လည်း ဝင်စားမယ်လေ"

အိမ်ပြန်ရောက်တော့ ရုံးပိတ်ရက်မို့ ကိုလေးလည်း ရှိနေသည်။ အမွန် စာမေးပွဲ အောင်ကြောင်း ပြောပြပြီး မမမြင့်နှင့် မုန့်သွားစားဖို့ ကိုလေးထံမှာ ခွင့်တောင်းလိုက်သည်။ တည်ငြိမ်အေးဆေးသော

ကိုလေးက အမွန့်ကို မုန့်ဖိုးပေးလိုက်သေးသည်။ ကိုလေးက မြေတိုင်း အင်စပက်တော် ဖြစ်ပြီး မိသားစုကို ရိုးသားစွာ လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်၍ အမွန် အလုပ်ရလျှင် ကိုလေး၏ ကျေးဇူး၊ ထိန်းသိမ်း စောင့်ရှောက် ပေးသည့် အမေ့အစ်မအရင်း ကြီးမေ၏ကျေးဇူးကို ပြန်ဆပ်မည်ဟု အားခဲ ထားသည်။

မမမြင့်နှင့် လမ်းတွင် မုန့်ဝင်စားသည်။ အမွန်တို့ မုန့်စားနေစဉ် မောင် ရောက်လာသည်။ သည်တော့မှ အမွန် သဘောပေါက်သွားသည်။

"မြင့်နိုင်၊ ငါ စန်းစန်းရီတို့အိမ်မှာ စောင့်မယ်။ မြန်မြန်ပြန်လာကြနော်"

"အေးပါဟယ်၊ တစ်နာရီလောက် စကားပြောပြီးရင် လာပို့ပေးမယ်။ သိပ်သည်းမနေနဲ့"

မမမြင့်က ဈေးအနောက်ဘက်က စန်းစန်းရီတို့ အိမ်မှာ ဝင်နေခဲ့ပြီး မမ မြင့် စက်ဘီးကို အမွန်တို့ စီးလာခဲ့သည်။

"မောင် ဘယ်သွားမလို့လဲ"

"ကျိုက်ထီးရိုးလေ၊ ဘုရားနားသွားမယ်လေ"

"အဲဒီနေရာကိုသွားရင် ကင်မွန်းစခန်းသွားတဲ့ လူတွေ တွေ့ကုန်မှာပေါ့။ တော်ကြာ မောင့်အိမ်က တစ်ယောက်ယောက် တွေ့သွားရင် ခက်လှချည်ရဲ့။ အမွန် ကြောက်ပါတယ်"

"အမွန်ကလည်းကွာ အခွင့်အရေး ရတုန်းလေးပါ။ ဟိုဘက်က ဘန့်ဘွေး ပင်အောက်မှာ သွားထိုင်မယ်။ လာ ... လာ"

မောင်က လမ်းနှင့် ပေငါးရာလောက် ဝေးသော ဘန့်ဘွေးပင် အရိပ် အောက်ကို ခေါ်လာသည်။

"မွန် ... မောင်က ဖြေနိုင်တယ်၊ သေချာအောင်မယ်။ ဒါကြောင့် မောင့်

Notes တွေ မွန့်ကို အကုန်ပေးခဲ့မယ်။ မွန် ကြိုးစားနော်။ ဆယ်တန်းဆိုတဲ့ တံတိုင်းကြီး ကျော်နိုင်ရင် အမေတို့လည်း သဘောတူမှာပါ"

အမွန် သက်ပြင်းရှည်ကြီးချမိသည်။

"မောင်ရယ်၊ မွန်က အင်္ဂလိပ်စာနဲ့ သင်္ချာညံ့တယ်လေ။ အသေအလဲ ကြိုးစားရမှာပေါ့။ ဆယ်တန်းဆိုတဲ့ ပေတံရယ်၊ ရွှေငွေ၊ မိဘမရှိတဲ့ ပေတံနဲ့ တိုင်းရင်တော့ အမွန် ငိုရဖို့များမှာပါ"

မောင်က မျက်ရည်ဝိုင်းလာသော အမွန့်ကို နှစ်သိမ့်ပေးသည်။

"အားငယ်စိတ်တွေ မမွေးပါနဲ့လို့ မောင်ပြောထားတယ်လေ။ ဟော ပြော ရင်း ငိုပြီ။ တိတ်ပါမွန်ရယ်။ ဘယ်လိုအခြေအနေဖြစ်ဖြစ် မောင်က မွန့်ကို မ ပစ်ပါဘူးကွာ။ မောင် သီချင်း ဆိုပြမယ်နော်"

မောင်က မွန့်ကို သိုင်းဖက်ထားသည်။

"မောင် စာမေးပွဲအောင်ရင် တက္ကသိုလ် တက်ရမယ်နော်"

"အခြေအနေအရပေါ့။ အဖေတို့ စီးပွားရေးပဲ လုပ်မလားလို့"

"အို ... မရဘူး။ မောင် ဘွဲ့တစ်ခုရအောင်ယူပါ မောင်ရယ်နော်"

"အေးပါကွာ ... ဒါတွေ ပြောမနေနဲ့။ မောင် မေးဦးမယ်။ မောင့်ကို ချစ် လားဟင်"

အမွန် ရယ်ချင်သွားသည်။

"ချစ်လွန်းလို့ မွန် ရူးနေပါပြီ မောင်ရယ်။ မောင်ရော မွန့်ကို ချစ်သလားလို့ ပြန်မေးမယ်"

"ဟောဒီလို ... ချစ်တယ်"

"အို ... မောင်နော် မကဲနဲ့။ လက်မထပ်ရသေးဘဲ အခွင့်အရေးမယူနဲ့"

"ဒါဖြင့် မောင် စာမေးပွဲအောင်တာနဲ့ လက်ထပ်ထားမလား"

"လူသာ ပဓာနပါ မောင်ရယ်။ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရင် ပြီးတာပါပဲ"

မစန်းစန်းရီအိမ် ရောက်သောအချိန်သည် တစ်နာရီထက် ဆယ်မိနစ်ပိုနေသဖြင့် မမမြင့်က နှုတ်ခမ်းစူနေသည်။

"လွှတ်လိုက်ရင် ပေါ်မလာဘူး"

မောင်က တဟားဟားရယ်လျက် စက်ဘီးနှင့် ပြန်ထွက်သွားသည်။ အမွန်နှင့် မမမြင့် အတူပြန်ခဲ့ကြတော့သည်။

ညနေ (၃) နာရီမှာ မောင်က စက်ဘီးနှင့် ရောက်လာပြန်သည်။ စာအုပ်များ တစ်ပွေ့တစ်ပိုက်နှင့်ပါ။ အိမ်မှာ ကိုလေးတို့မိသားစု ပရိတ်တရားနာသွားနေခိုက် အိမ်မှာ ဥပုသ်စောင့်ထားသော ကြီးမေက ဘုရားခန်းတွင် တရားထိုင်နေသည်။ ကြီးမေ အာရုံပျံ့လွင့်မှာ စိုးသဖြင့် အမွန်က နှုတ်ခမ်းနား လက်ညှိုးလေးထောင်ပြီး အချက်ပြလိုက်သည်။ မောင်က ဧည့်ခန်းထဲမှ အမွန် စာကြည့်စားပွဲမှာ ဘာသာရပ်အလိုက် အစီအရီ ထားပေးသည်။ အမွန် မောင်ပါ ရေမွှေးကြိုက်သူဖြစ်၍ စာအုပ်များက ရနံ့သင်းနေသေးသည်။

မောင်က တစ်ဆက်တည်း အင်္ဂလိပ်စာ ကြိုကျက်မှတ်နိုင်အောင် ဂရမ်မာရှင်းပြနေခိုက် -

"မောင်မြင့်နိုင်ရေ၊ အိမ်မှာ ဘယ်သူမှမရှိဘူးနော်။ အခုပြန်"

ဆိုက်ကားပေါ်က ပြောသွားသော မောင့် မေမေ အသံကြောင့် အမွန် မိုက်ခနဲ ဖြစ်သွားတော့သည်။ အမွန့်အိမ်ကို မသိဘူးဟု မောင်က ပြောသော်လည်း မြမြ သိနေခြင်းကြောင့် မောင့်အမေ သိလိမ့်မည် ထင်ပါသည်။

"မောင်ရယ် ပြန်တော့နော်၊ အမွန် ကြောက်တယ်"

အမွန် ကြောက်နေသဖြင့် မောင်က ရယ်ကျဲကျဲလုပ်ရင်း ပြန်ဖို့ ပြင်တော့သည်။ သည်လိုတော့လည်း မောင်က ကြောက်တတ်သားပေကိုး။

***

မောင်သည် အပြောသမား မဟုတ်ပါဘဲ လက်တွေ့ပြသသည့် အနေနှင့် ဆယ်တန်းစာမေးပွဲ အောင်မြင်သွားတော့သည်။ အမွန် ဝမ်းသာသလို ကာယကံရှင် မောင်ကတော့ ပို၍ဝမ်းသာမည် ထင်သည်။ အောင်စာရင်း ထွက်သည့်ညက မောင် ကိုးနာရီလောက် ရောက်လာသည်။ အစားအသောက် များစွာနှင့်ပါ။ ကိုလေးကလည်း နားလည် ပေးပြီး တပျော်တပါး စားရသည်မှာ ပျော်စရာအတိ။

"မောင် တက္ကသိုလ်တက်နော်"

"ဟင့်အင်း ... မောင် အမွန် နှစ်ချင်းပေါက်အောင်အောင် စာသင်ပေးဦး မယ်"

"မရဘူး၊ မရဘူး။ အမွန် ကြိုးစားမယ်။ မောင် ကျောင်း ဆက်တက်ရမယ် နော်"

အမွန်က ကျောင်းဆက်မတက်မှာ စိတ်ပူနေပေမယ့် မောင့်မိဘနှစ်ပါး၏ အဆုံးအဖြတ်ကို နာခံလျက် ကျောင်းဖွင့်သောအခါ မောင် ရန်ကုန် တက္ကသိုလ် ရောက်သွားပါ၏။ မောင်မရှိတော့ အမွန် လွမ်းကျန်ခဲ့သည်။ စာ ကိုလည်း ကြိုးစားသလို မောင့်စာကိုလည်း မျှော်ရပါသည်။

သည်လိုနှင့် အမွန်လည်း ဆယ်တန်း ဖြေရတော့သည်။

အင်္ဂလိပ်စာနှင့် သင်္ချာ အားနည်းသော်လည်း အောင်မည်ဟု မှန်း ထားသည်။ မောင်က ကျောင်းပိတ်၍ ပြန်လာသည်။ နှစ်ဝက်ကျောင်းပိတ် စဉ် ကလည်း မောင် ပြန်မလာသဖြင့် အမွန် အားငယ်မိသည်။ ကြားထား

သော သတင်းများကိုလည်း အမွန် ပြောချင်သည်မှာ လျှာယားနေသည်။ မောင်က အိမ်ကိုမလာဘဲ မမြင့်ကို အခေါ်လွှတ်လိုက်သဖြင့် ကြီးမေကို ခွင့်ပန်ပြီး မမြင့်အိမ်ကို လိုက်ခဲ့သည်။ မမြင့်တို့ မိသားစုက ကျိုက်ပေါလောဘုရားမှာ အအေးရောင်းကြသဖြင့် အိမ်တွင် မမြင့်တစ်ယောက်တည်း ရှိသည်။ အမွန်တို့ မမြင့်အိမ်ရောက်ပြီး ခဏမှာ မောင်ရောက်လာသည်။ အမွန်က မောင့်ကိုတွေ့ သောအခါ မပြုံးနိုင်ဘဲ ရင်ထဲမှာ တင်းကျပ်နေသည်။

"မွန် မောင့်ကို ကြိုတာ မပြုံးပါလား"

မောင်က စကာရှိသေး အမွန် ဝမ်းနည်းစွာနှင့် ငိုချလိုက်တော့သည်။

"ဟင် ... ဘာဖြစ်တာလဲ မွန်။ စာသင်နှစ် တစ်နှစ်လုံး မတွေ့ရဘူးလေ။ ခု တွေ့တော့လည်း ဝမ်းနည်းလို့ပါလား။ စာမေးပွဲ ဖြေနိုင်တယ်ဆိုလို့ မောင်ဖြင့် ဝမ်းသာမဆုံးဘူး"

အမွန့် ခံစားချက်ကို မမေးဘဲ မောင်က ပြောချင်ရာ ပြောနေတော့သည်။ ပျံ့လွင့်နေသော သတင်းအမျိုးမျိုးကြောင့် အမွန် ငိုနေမှန်း မောင် သိအောင် ပြောမှဖြစ်တော့မည်။

"မောင်၊ မောင့်ကို မိန်းမ ပေးစားကြတော့မယ်လို့ လူတိုင်းပြောနေတယ်။ အကြီးအကျယ် မင်္ဂလာဆောင်တော့မှာတဲ့။ အဲဒါ အမှန်ပဲလား။ မြမြက ဒီနှစ် ကိုးတန်း မအောင်သေးဘူးလေ။ ဒီလိုကျတော့ မောင့်မိဘတွေက သဘောတူလား ပြောပါဦး။ အမွန့်ထက် အတန်းငယ်ပေမယ့် သူနဲ့ မွန်နဲ့က ရွယ်တူပဲလေ။ ဒါကြောင့် သူ ဆယ်တန်းအောင်တဲ့အထိ မစောင့်တော့ဘူးလား"

မောင်က သက်ပြင်းရှည်ကြီး ချသွားသည်။

"အမေတို့ ဘယ်လို စီစဉ်ပါစေ၊ မောင့် ဆုံးဖြတ်ချက်ပါ မွန်ရယ်။ မပူပါနဲ့၊ တွေ့တုန်း ကြည်ကြည်နူးနူး စကားပြောရအောင်"

အမွန်က မျက်ရည်သုတ်ရင်း -

"မွန် စိတ်မအေးနိုင်ဘူး မောင်ရယ်"

မမြင့်က အမွန်တို့ကို ညှော်ခံဖို့ စားစရာ သွားဝယ်နေခိုက်မို့ အမွန် မောင့် ရင်ခွင်ထဲ ကလေးတစ်ယောက်နှယ် တိုးဝင်ပြီး ငိုချလိုက်သည်။ မောင်က လည်း အမွန့်ကို လွတ်ထွက်သွားမည့် အလား ပွေ့ဖက်ထားသည်။

"အတင်းအကျပ် စီစဉ်ရင် မောင် မွန့်ကို ခိုးပြေးမယ်။ မွန်လည်း (၁၈) နှစ် ထဲ ဝင်လာပြီးပြီပဲ။ မောင့်နောက်ကို လိုက်ရဲလား"

အမွန် မဖြေနိုင်။ ငယ်သေးတာက တစ်ကြောင်း၊ တစ်ဖက် မိဘများက သဘောမတူသဖြင့် အနာဂတ်က ဝေဝါးနေ၍ဖြစ်သည်။ ထိုအရာကိုတော့ အသေအချာ စဉ်းစားရမည်ဖြစ်သည်။

"အမွန် သတ္တိမရှိရင် မွန်နဲ့မောင် တစ်နေ့မဟုတ်တစ်နေ့ ဝေးရမှာပဲ"

"အရေးကြုံလို့ မောင့်စိတ် မောင်နိုင်ရင် မွန်လည်း မိုက်ရတော့မှာပေါ့"

ပြောသာ ပြောရသည်။ အမွန့် ရင်ထဲမှာ ဗလောင်ဆူနေတော့သည်။ ဝေးရ ဆွေးရမည့် အဖြစ်ကို မလိုလား။

"ဟဲ့ ... ဟိုနှစ်ယောက် အသုပ်ဝယ်လာတယ်။ ထမင်းနဲ့စားမလား။ အိမ်မှာ တော့ ငါးဟင်းပဲ ရှိတယ်။ ဟင် ... အမွန် နင်ငိုထားလား"

အမွန်က ဘာမှပြန်မပြောနိုင်ဘဲ ငိုင်တွေတွေဖြင့် အတွေး နယ်ချဲ့နေ မိသည်။

"ခင်အုန်းမြင့်ရေ ... ဘာဘာညာညာ ကြားလို့တဲ့ ငိုနေတော့တာပဲ"

"ဟဲ့ ... မြင့်နိုင်၊ နင့်ကို မြမြနဲ့ ပေးစားတော့မယ့် အကြောင်း တော်တော်

များများ ပြောကြတယ်။ တို့အတန်းက ကိုမျိုးလွင်လည်း အမွန့်ကို ပြောပြတယ်။ သန်းအေးလည်း ဒါတွေကြားလို့ နင်ပြန်မလာခင် ငါ့အိမ်ကို လာသွားတယ်"

မောင်က ခေါင်းကို ကုတ်သည်။

"အမေတို့က တော်တော်ပါဗျာ။ မြမြနဲ့ သူ့အမေက ပိုဆိုးနေတာ"

"အို ... ဘာပဲဖြစ်ဖြစ် တစ်ကျောင်းလုံးလည်း သိနေတော့ ငါ့ညီမအပေါ် နင် သစ္စာမဖောက်နဲ့နော်"

"ကဲ ... လာ စားရအောင်။ အမွန် တွေးပူမနေနဲ့၊ စားစရာရှိတာစား"

မောင့်ကိုတွေ့ရပေမယ့် အမွန် မပျော်နိုင်တော့ပါ။ ပစ္စုပ္ပန်နှင့် အနာဂတ်၏ ပုံရိပ်များက အမွန့်ကို အကျည်းတန်စေမည်လား။

***